ဦးစားပေးရွေးချယ်မှုနှင့် လုပ်ဆောင်ချက် (အဖွဲ့အနေဖြင့် ကိုင်တွယ်လုပ်ဆောင်ရန်ဆုံးဖြတ်သည့် အဓိက ခြိမ်းခြောက်မှုများ

ဦးစားပေးများ

၁။ ပရိုဂရမ်မန်နေဂျာက လုံခြုံရေးဆိုင်ရာ အစီအစဉ်ကို မူကြမ်းရေးဆွဲပြီးတိုင်ပင်ရန် ( အချိန် သုံးလအတွင်း)

၂။ ဒါရိုက်တာနှင့် အကြီးတန်းစီမံခန့်ခွဲသူများက ကာကွယ်ရေးဝန်ကြီးဌာနတွင်လက်ရှိလုပ်နေသော မိတ်ဆွေဟောင်းများနှင့် တွေ့ဆုံပြီး ဆက်ဆံရေးကောင်းအောင် လုပ်ဆောင်ရန် (လာမည့်အပတ်အတွင်း)

၃။ ဒါရိုက်တာနှင့် အကြီးတန်းစီမံခန့်ခွဲသူများက အတိုက်အခံအဖွဲ့များအပေါ် ဩဇာအာဏာရှိသည့် ဘာသာရေးခေါင်းဆောင်များကိုတွေ့ရန် (မန်နေဂျာသည် ဘာသာရေးခေါင်းဆောင်နှင့် ဆွေမျိုးမကင်းသူဖြစ်သည်) (သုံးပတ်အတွင်း)

၄။ ထိုလုပ်ဆောင်ရမည့်အရာများကို လုပ်ဆောင်ဖြစ်အောင် လေ့လာကြီးကြပ်ရမည့်သူများသည် ဒါရိုက်တာနှင့် ပရိုဂရမ်မန်နေဂျာဖြစ်သည်။

# နောက်ဆက်တွဲ(၂)

| (၁)တိုင်းပြည်ရဲ့ အဓိက အကြောင်းအရာများ | (၂) ထိုအကြောင်းအရာများတွင် အဓိက ပါဝင်နေသူများ | (၃) မိမိရဲ့လုပ်ဆောင်ချက် များကို ထိုသူများအပေါ် ကောင်းကျိုးဆိုးကျိုးဘယ်လို သက်ရောက်စေနိုင်မလဲ | (၄) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတွေ ဘယ်အချိန်မှာ နှုတ်ပိတ်၊ ရုပ်ပိုင်း တိုက်ခိုက်ခံရမှု အများဆုံး ဖြစ်နိုင်သလဲ၊ |
|---|---|---|---|
| - နိုင်ငံရေးချုပ်ကိုင်မှု (တူနီးရှားနှင့် အီဂျစ်တွင်ဖြစ်ခဲ့ သောတော်လှန်ရေးများနှင့် လာမည့် ရွေးကောက်ပွဲမတိုင်မီ အကြား ပိုမိုရှုတ်ထွေး လာသည်)<br>- အုပ်ချုပ်နေသည့်ပါတီနှင့် အတိုက်အခံအကြား အမြင်မတူမှုပိုများလာသည်။<br>- မြေယာအသုံးချမှုနှင့် ခွဲဝေမှု<br>- သယံဇာတအပါအဝင်ရင်းမြစ်များ ထိမ်းချုပ်မှု<br>- ဆင်းရဲမွဲတေမှု<br>- နိုင်ငံခြားရင်းနှီးမြုပ်နှံသူများ က မျက်စိကျလာခြင်း<br>- အတိုက်အခံများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို အကြမ်းဖက်မှု များ | သမ္မတနှင့် လက်ရှိအာဏာရပါတီ | ဆိုးကျိုး - လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို အတိုက်အခံများအဖြစ်မြင်ပြီး စီးပွားရေးရင်းနှီးမြုပ်နှံမှုနှင့်ပတ်သက်၍ တိုင်းပြည်နံမည်ဖျက်နေသည်ဟု ယူဆကြသည် | - ရွေးကောက်ပွဲမတိုင် မီ၊ အတွင်း၊ အပြီးကာလတွင် ထိ လွယ် ရှလွယ်သောအ ကြောင်း အရာများကို စုံစမ်းဖော်ထုတ်ရာတွင်<br>- ထိလွယ်ရှလွယ်သော အကြောင်းအရာများနှင့်ပတ် သက်၍ အစိုးရထံ သတင်း အချက်အလက်များ တောင်း ခံရာတွင်<br>- စိမ်ခေါ်မှုရှိသော ထုတ်ပြန် ကြေညာချက်၊ အစီရင်ခံစာများထုတ်ပြန်ပြီးသည့်အခါ<br>- မိမိလုပ်ဆောင်ချက်များက ဒေသနှင့် နိုင်ငံအပေါ် သက် ရောက်မှုရှိလာသည့်အခါ<br>- နိုင်ငံတကာအဖွဲ့များကို အရေးပါသည့်သတင်းပေး သည့်အခါ<br>- အဓိက နှစ်ပတ်လည်နေ့များ ကျရောက်သည့်အခါ<br>- ဆန္ဒပြပွဲများ ပြုလုပ်သည့်အခါ |

| | | | |
|---|---|---|---|
| | အတိုက်အခံ | ယေဘူယျကောင်းကျိုး - သို့သော် အတိုက်အခံများက ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို လူ့အခွင့် အရေးကာကွယ်စောင့်ရှောက်သူများက ဖော်ထုတ်ကြရသည်။ | |
| | စစ်တပ် | ဆိုးကျိုး - လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို အတိုင်အခံများအန္တရာယ်များ အဖြစ်မြင်ကြသည်။ | |
| | ရဲ | ဆိုးကျိုး စစ်တပ်ကဲ့သို့ | |
| | နိုင်ငံခြားတိုင်းပြည်များ သံရုံးများ | ဥပမာ(၁) ဆိုးကျိုး - သမ္မတနှင့် ဆက်ဆံရေးကောင်းပြီး မိုင်းလုပ်ငန်းများအပေါ် စိတ်ဝင်စားနေသည်။<br>ဥပမာ(၂) ဥရောပသမဂ္ဂ - ကောင်းကျိုး - ထောက်ခံမှုများရှိနိုင်သော်လဲ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို အနောက်ဖက်နိုင်ငံများက စောင့်ကြည့်နိုင်သည်။ ထောက်ခံသော်လည်း အင်အားမကောင်း | |
| | ကုလသမဂ္ဂအေဂျင်စီ | ကောင်းကျိုး - ထောက်ခံမှုများရှိသော်လဲ ပွင့်လင်းစွာ ထောက်ပြနိုင်စွမ်းမရှိ | |
| | နိုင်ငံတကာလူ့အခွင့်အရေး အဖွဲ့များ | ကျောင်းကျိုး - ထောက်ခံမှုရှိ | |
| | အစိုးရပိုင်မီဒီယာများ | အစိုးရကချုပ်ကိုင်ထား - ဆိုးကျိုး | |
| | ပြည်သူ့ဆန္ဒများ<br>တရားစီရင်ရေး | အမျိုးမျိုးရှိနိုင်<br>ရောထွေး တစ်ချို့ကလွတ်လပ်မှုမရှိ | |
| | ဘာသာရေးခေါင်းဆောင်နှင့် အဖွဲ့များ | ရောထွေး - တချို့က ကိုယ်စားပြုရာခိုင်နှုံးကိုထောက်ခံနိုင်၊ တချို့က ဆန့်ကျင်နိုင် | |
| | စီးပွားရေးအကျိုးအမြတ်များ | တည်ငြိမ်မှုကို လိုလား၊ သူတို့ရရှိမဲ့အကျိုးပေါ်မူတည်ပြီး ကွဲပြားနိုင် | |